# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး

## ၂၂ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၅ – ၃ – ၂၀၁၁ ]

## (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်တွင် စက်မှုလုပ်ငန်း သင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရေး နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်၏ တိုင်းရင်းသားစာပေတစ်ခု ကို ပူးတွဲသင်ကြားစေသည့် ဥပဒေ တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေး နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရေး နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ အခြေခံပညာကျောင်း အဆောက်အဦ များအား ထိန်းသိမ်းပေးနိုင်ရေး နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်း မြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (သို့မဟုတ်) ကောလိပ် တစ်ခုဖွင့်လှစ်ပေးနိုင်ရေး နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်၏ "မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန်" အဆိုကို အောက်ပါကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းစောတင်၊ မိုင်းယောင်း မဲဆန္ဒနယ်။

(ခ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်။

(ဂ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်။

၇။ ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ "မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (**Duty to Educated Children**) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း

နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သောစာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒ များ ရရှိရေး "အဆိုကို အောက်ပါ ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်။

(ခ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်။

(ဂ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်။

(ဃ) ဒေါက်တာမောင်မောင်ဌေး၊ ပွင့်ဖြူ မဲဆန္ဒနယ်။

၉။ ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ အဆိုကိုသက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ "ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဉ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၂။ ဦးအောင်ဇင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၏ "တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေ တစ်ရပ် ပြဋ္ဌာန်းပေးရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် အစည်းအဝေး သမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။